## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၄ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက် )

**တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ " **တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းကော်မရှင်** " ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်များ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဂ) | ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်တစ်ဦးစီ<br>(လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု) | အဖွဲ့ဝင် |
| (ဃ) | အုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>စီမံအုပ်ချုပ်ရေးကောင်စီ | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး / ပြည်နယ်ဒေသန္တရစီမံကိန်းများကို နိုင်ငံတော်၏ မူနှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်အတည်ပြုခြင်း၊

(ခ) နှစ်စဉ်၊ ကာလလတ်နှင့် ကာလရှည်ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးချနိုင်မည့် တိုင်းဒေသကြီး/ ပြည်နယ် လူမှုဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် အရင်းအနှီးပမာဏ ရယူမည့် ဇာစ်မြစ်ကို လမ်းညွှန်မှုပြုခြင်း၊

(ဃ) တိုင်းဒေသကြီး / ပြည်နယ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အမျိုးသားစီမံကိန်းကော်မရှင်သို့တင်ပြ၍ လမ်းညွှန်မှုတောင်းခံခြင်း၊

(င) သဘောတူပြီးဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းစီမံကိန်းများကို တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၅ - ၅ - ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂ / ၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ